


လောကနတ်စာပေ၏

# ပုံပြင်လက်ဆောင်

ရေသူမလေးမျက်ရည်နှင့်အခြားပုံပြင်များပါဝင်သည်

ဇော်နှစ်ဇော်

computer graphic
KYAN THIT/2005

# လှချင်လွန်းတဲ့
# မင်းသမီး



ရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးမှာ ရူပစန္ဒီဆိုတဲ့ သမီးတော်လေး တစ်ပါးရှိတယ်။ ရူပစန္ဒီလေးဟာ ဘုရင့်သမီးတော်လေးဖြစ်တဲ့ အပြင် ရုပ်ရည်ကလည်း အင်မတန်ချောမောလွန်းလို့ နန်းတော်တစ်ခုလုံးမှာ သူ့ကို မချစ်ခင်တဲ့ သူ မရှိဘူးတဲ့ ။ အားလုံးက ဖူးဖူးမှုတ်ထားတာပေါ့။

အဲဒီလောက် ကံကောင်းပြီး ချောမောနေပေမယ့် ရူပစန္ဒီလေးဟာ လှသထက်ပိုပြီး လှချင်နေလို့ အချိန် ရှိသရွေ့ အလှပဲပြင်နေတယ်။ စာပေပညာလည်း မသင်၊ မိန်းကလေးတွေ တပ်အပ်တဲ့ ပညာရပ်တွေလည်း မလေ့ လာဘဲ လှဖို့ တစ်ခုတည်းပဲ စဉ်းစားနေတယ်တဲ့ ။ တစ်နေ့တော့ သူ့ရဲ့ အထိန်းတော်က

"တောစပ်နားမှာ နေတဲ့ ပုဏ္ဏားတစ်ယောက်ဟာ ချောမောလှပလာအောင် မန်းမှုတ်တတ်တယ်လို့ ကြား သိခဲ့ရပါတယ် သခင်မလေး"

လို့ လျှောက်တင်လိုက်တယ်။ ရူပစန္ဒီလည်း ချက်ချင်းပဲ

"ဒီသတင်းဟာ အမှန်ပဲလား ဝမ်းသာလိုက်တာ"

လို့ ပြောပြီး သူ ပိုလှလာဖို့ အတွက် ဘယ်လိုလုပ်ရမလဲဆိုတာ အကြံထုတ်တော့တယ်။ အဲဒီနောက်တော့ ရူပစန္ဒီလေးဟာ ခမည်းတော်မင်းကြီး မသိအောင် နန်းတော်ထဲကနေ တိတ်တဆိတ်ထွက်လာခဲ့ပြီး တောစပ်နား က ပုဏ္ဏားကြီးရှိရာကို အရောက်သွားတော့သတဲ့ ။ ကံကောင်းစွာပဲ ပုဏ္ဏားကြီးနဲ့ တစ်ခါတည်းတွေ့လို့ ရူပစန္ဒီ လေးက



"အို ပုဏ္ဏားကြီးရှင် ကျွန်မကို လှပလာအောင် နည်းလမ်းကောင်းလေးများ ရှိရင် ပြောပြပေးပါဦး"

လို့ မေးလိုက်သည်။ ဒီအခါ ပုဏ္ဏားကြီးက

"သမီးတော်လေး ... သင်ဟာ လှပြီးသားပဲ၊ မလိုအပ်တော့ပါဘူး"

လို့ ပြန်ပြောတယ်။

"အို ဒီထက်ပိုပြီး လှချင်လို့ ပါ၊ ကူညီပါဦး ပုဏ္ဏားကြီးရယ်"

လို့ ရူပစန္ဒီက အတင်းတောင်းဆိုတော့တယ်။

ပုဏ္ဏားကြီးလည်း

"ကဲ - ကဲ ပြောမရတော့လဲ ကူညီပေးရတာပေ့ါ"

လို့ ပြောပြီး ရူပစန္ဒီကို ထူးဆန်းတဲ့ ပုလဲလည်ဆွဲလေးတစ်ကုံးထုတ်ပေးလိုက်တယ်။ ဒီလည်ဆွဲဟာ ကျွန်ုပ်တတ်ကျွမ်းတဲ့ ရူပံမန္တာန်တော်နဲ့ မန်းမှုတ်စီရင်ထားတဲ့ လည်ဆွဲဖြစ်ပါတယ်။ ဒီလည်ဆွဲကို ဆင်မြန်းလိုက် တာနဲ့ သင်ဟာ ဇမ္ဗူတစ်ခွင်မှာ အချောဆုံး အလှဆုံးဘုရင် ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် ဒီလည်ဆွဲကို ပြန်ချွတ် မိလိုက်တာနဲ့ သင်ဟာ အိုမင်းရင့်ရော်သွားပြီး အကျည်းတန် အရုပ်ဆိုးသွားရလိမ့်မယ်။

"ကဲ သင် ဘယ်လိုသဘောရလဲ"

လို့ ပုဏ္ဏားကြီးက ရူပစန္ဒီမင်းသမီးလေးကို ပြောလိုက်တယ်။ ရူပစန္ဒီမင်းသမီးလေးဟာ အလှဆုံးဖြစ်ဖို့ ပဲ အရေးကြီးနေလို့ ကျန်တာကို ဘာမှ တွေးမနေတော့ဘဲ

"ကိစ္စမရှိပါဘူး။ အမြဲတမ်းလှနေအောင် အမြဲတမ်းဝတ်ထားလိုက်မှာ ပေ့ါ"

လို့ အလွယ်တကူပြောလိုက်တယ်။ အဲဒီနောက်မှာ တော့ မင်းသမီးလေးဟာ ပုဏ္ဏားကြီးဆီက လည်ဆွဲ ကြိုးကို ယူပြီး ဝတ်ဆင်လိုက်တော့တယ်။ ရူပစန္ဒီလေးလည်း ဝမ်းသာအားရနဲ့ ပုဏ္ဏားကြီးကို နှုတ်ဆက်ပြီး နန်း တော်ကို ပြန်လာခဲ့တော့တယ်။ နန်းတော်ရောက်တဲ့ အခါမှာ ရူပစန္ဒီလေးကို ခမည်းတော် ဘုရင်ကြီးက တွေ့လိုက် တော့ အရမ်းအံ့သြသွား

တယ်။

"သမီးတော်ရယ် ဒီလောက်လှလွန်းတော့ သမီးတော်အတွက် အန္တရာယ်များ လွန်းပါတယ်။ အစစမှာ သတိထားနေပါကွယ်"

လို့ ဘုရင်ကြီး ဆုံးမလိုက်တယ်။

ဒါပေမဲ့ ရူပစန္ဒီလေးဟာ မသိဟန်ပြုပြီး ဘုရင်ကြီးရှေ့က ထွက်ခဲ့တယ်။ သူ့ရဲ့ စိတ်ထဲမှာ တော့ သူ့အလှ အတွက် အရမ်းဝမ်းသာနေတာပေ့ါ။ ဒီလိုနဲ့ ရူပစန္ဒီလေးဟာ အတိုင်းတိုင်းအပြည်ပြည်ရဲ့ ဘယ်မင်းသမီးကမှ မယှဉ်နိုင်အောင် ချောမောလှလွန်းနေတော့တာပေ့ါ။ တစ်နေ့မှာ တော့ ရူပစန္ဒီလေးက

"အင်း နန်းတော်ထဲက ရေကန်တော်မှာ ပဲ အမြဲချိုးနေရတာ ငါ့စိတ်ထဲ မသန့်ရှင်းဘူး၊ နန်းမြို့တော်ဘက် က ကြည်လင်အေးမြပြီး တသွင်သွင်စီးဆင်းနေတဲ့ ကျောက်စက်ရေ စမ်းချောင်းလေးမှာ သာ ရေသွားချိုးလိုက်ရ ရင် ငါ့ရဲ့ အသားအရည်တွေဟာ ဒီထက်ပိုပြီး စိုပြေလှပလာမှာ ပဲ"

လို့ စဉ်းစားမိတယ်။

ဒါကြောင့် မယ်တော်ဆီမှာ သွားရောက်ပြီး ခွင့်တောင်းကြည့်တယ်။ ဒါပေမဲ့ မယ်တော်က

"မြို့ပြင်မှာ သားရဲတိရစ္ဆာန်တွေက ပေါများ လှပါဘိနဲ့ မယ်တော်ခွင့်မပြုနိုင်ဘူး သမီးတော်"

လို့ ပြန်ပြောလိုက်တယ်။ မယ်တော်မိဖုရားကြီးက ခွင့်မပြုတော့ ရူပစန္ဒီလေးဟာ သိပ်စိတ်ညစ်သွား တယ်။ ဘယ်အထိန်းတော်တွေကမှ လည်း မိဖုရားကြီးရဲ့ အမိန့်ကို လွန်ဆန်ပြီး မပို့ရဲကြရှာဘူးပေ့ါ။

ဒီတော့ ရုပစန္ဒီလေးလည်း သူ့ဆုံးဖြတ်ချက်အတိုင်း ဘယ်သူမှ မသိအောင် တိတ်တိတ်လေး ထွက်ခဲ့ တယ်။ စမ်းချောင်းလေးနားရောက်တော့ သူ့သဘောကျ တသွင်သွင်စီးနေတဲ့ စမ်းချောင်းရေထဲဆင်းပြီး ရေချိုး နေရင်း ကျောက်တုံးတစ်တုံးကို ချော်နင်းမိပြီး ရေထဲကို လဲကျသွားတော့တယ်။

စမ်းချောင်းလေးဟာ သိပ်မနက်ပေမယ့် ရေစီးနေတော့ ရုပစန္ဒီလေးဟာ ရေစီးထဲမှာ မျောပါမလိုဖြစ် သွားတယ်။ အဲဒီအချိန်မှာ သူ့လည်ပင်းက ပုလဲလည်ဆွဲလေးဟာ ရေထဲကို ပြုတ်ကျသွားသတဲ့ ။ ကံဆိုးချင်တော့ အဲဒီအချိန်မှာ သူ့အနားကို ကူးလာတဲ့ ငါးကြီးတစ်ကောင်က မြင်ပြီး အစာမှတ်လို့ ထိုးဟပ်သွားတယ်။ ချက်ချင်း ပဲ ရုပစန္ဒီလေးလည်း ချောမောလှပနေရာက အကျည်းတန်တဲ့ အဖွားအိုကြီးပုံ ဖြစ်သွားတော့တယ်။



ဒါကြောင့် ငါးကြီးရဲ့ နောက်ကို ချက်ချင်းရေကူးပြီး အမီလိုက်ပေမယ့် ငါးကြီးကို မတွေ့ရတော့ဘူး။ ဒါပေမဲ့ ဗွဲမလျှော့ဘဲ စမ်းချောင်းလေး

စီးဆင်းရာ လမ်းတစ်လျှောက် လိုက်ရှာနေမိတယ်။ အဲဒီအချိန်မှာ ပုလဲလည်ဆွဲကို ထိုးဟပ်သွားတဲ့ ငါးကြီးကို တံငါသည် တစ်ဦးက ဖမ်းမိသွားတယ်။

တံငါသည် လည်း အိမ်ရောက်လို့ ငါးရဲ့ ဗိုက်ကိုခွဲမိတော့ အထဲကနေ ပုလဲလည်ဆွဲက ထွက်ကျလာတာ ပေါ့။ ဒါနဲ့ တံငါသည် လည်း လည်ဆွဲကိုကိုင်ပြီး တအံ့တဩနဲ့ ငေးကြည့်နေတုန်း တံငါသည် ရဲ့ နောက်နားသစ်ပင် ပေါ်က ဗျိုင်းတစ်ကောင်ဆင်း လာပြီး ပုလဲကုံးကို သုတ်ချီပျံပြေးသွားတယ်။

အဲဒီအချိန်မှာ စမ်းချောင်းတစ်လျှောက် လိုက်ရှာနေတဲ့ ရူပစန္ဒီတဖြစ်လဲ အကျည်းတန် အဖွားအိုဟာ တံငါသည် ရှိရာကို ရောက်လာသတဲ့ ။

"အမောင်လုလင် ကျွန်ုပ်ရဲ့ ပုလဲလည်ဆွဲ ငါးကြီးစားမျိုသွားလို့ တွေ့မိပါသလား"

လို့ တံငါသည် ကို မေးမြန်းလိုက်တယ်။ တံငါသည် လည်း

"အခုလေးတင်ပဲ အဲဒီလည်ဆွဲကို ဗျိုင်းတစ်ကောင်သုတ်ချီပြီး အနောက်ဘက်အရပ်ကို ပျံပြေးသွားပါ တယ်"

လို့ အမှန်အတိုင်း ပြောပြလိုက်တယ်။

ဒါနဲ့ အမေအိုလည်း အချိန်မဆိုင်းတော့ဘဲ အနောက်ဘက်အရပ်ကို ချက်ချင်း လိုက်သွားတော့တယ်။ လမ်းမှာ တွေ့သမျှ လူတွေကိုလည်း မေးမြန်းကြည့်ပေမယ့် ဘယ်သူမှ မသိကြဘူးတဲ့ ။ တချို့လူတွေကဆိုရင်

"ဟာ အဖွားကြီး တယ်ရှုပ်ပါလား သွားစမ်းပါဗျာ"

လို့ တောင် အော်ငေါက်မောင်းထုတ်လိုက်ကြတယ်။ ဒါနဲ့ သူမဟာ စိတ်ညစ်ပြီးထွက်လာတုန်း တစ်နေရာ အရောက်သစ်ပင်ပေါ်မှာ ပြိုးပြိုးပျ

က်ပျက်လက်နေတဲ့ အရာတစ်ခုကို တွေ့မိတယ်။

သေချာမော့ကြည့်တော့မှ ဖျိုင်းတစ်ကောင်ရဲ့ လည်ပင်းမှာ သူမရဲ့ ပုလဲလည်ဆွဲ စွပ်လျက်သားဆွဲမိနေ တာကို တွေ့ရတယ်။ အဲဒီ ဖျိုင်းဟာ ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပနေတာပေ့ါ။ သူမလည်း လည်ဆွဲပြန်လို ချင်လို့ ဖျိုင်းကို အောက်ကနေ အော်ဟစ်ခြောက်လှန့်လိုက်တယ်။ ဖျိုင်းလည်း လန့်ပြီး ထပျံပြေးသွားတော့ သူမ ဟာ ဖျိုင်းပျံပြေးတဲ့ နောက်ကို အမီလိုက်တော့တာပေ့ါ။

ဖျိုင်းဟာ မိုးပေါ်ကနေ ပျံသွားရင်း သင်္ချိုင်းတစ်ခုမှာ မီးသင်္ဂြိုလ်နေတဲ့ မီးပုံပေါ်က ဖြတ်ပျံမိတယ်။ ဒီတော့ မီးအပူဟပ်ပြီး ဖျိုင်းဟာ မီးပုံထဲ ပြုတ်ကျသွားတော့သတဲ့ ။ အဲဒီနောက်တော့ ဖျိုင်းလည်း မီးလောင်သေသွားပြီး ဖျိုင်းငှက်နဲ့ အတူပုလဲလည်ဆွဲလေးလည်း ပြာမှုန့်ဖြစ်သွားတယ်
။

ဒီအကြောင်းတွေကို နောက်ကပြေးလိုက်လာတဲ့ အကျည်းတန်အဖွားအို ရှုပစန္ဒီတွေ့သွားပြီး ပြာပုံထဲမှာ သူ့ရဲ့ လည်ဆွဲကို တွေ့လိုတွေ့ငြား လိုက်ရှာမိသေးတယ်။ ဒါပေမဲ့ ပြာတွေကလွဲလို့ ဘာမှရှာမတွေ့လို့ အဖွားအို လည်း မျှော်လင့်ချက်မဲ့သွားရတော့တာပေ့ါ။

"ငါတော့ ဒုက္ခရောက်ပြီ ပုလဲလည်ဆွဲလေး မရှိတော့ဘူးဆိုတော့ ငါဟာ အခုလို အကျည်းတန် အဖွား အိုအဖြစ်နဲ့ တစ်သက်လုံးနေသွားရတော့မှာ ပါလား"

လို့ တွေးမိပြီး ပြာပုံအနီးအနားမှာ ပဲနေပြီး ပြာမှုန့်ကနေ သစ်ပင်ပေါက်လာမယ့်အချိန်ကို ထိုင်စောင့် မျှော်နေရှာသတဲ့ ။

"အင်း ပုလဲလည်ဆွဲပြာမှုန့်တွေက အပင်ပေါက် လာပြီး အသီးသီးလာရင် အဲဒီအသီးတွေကို လည်ဆွဲ လုပ်ပြီးဝတ်ရမယ်၊ ဒီတော့မှ ငါဟာ

အရင်လို ချောမောလှပတဲ့ ရုပ်အဆင်းကို ပြန်ရနိုင်မယ်"လို့ တစ်ယောက် တည်း စိတ်ကူးယဉ်ပြီး တွေးတောနေသတဲ့ ။ နွေမိုးဆောင်း ရာသီ တွေပြောင်းတဲ့ တိုင် အဲဒီသစ်ပင်ပေါက်လာ မလားဆိုပြီးတော့ အမြဲတမ်း ရှာဖွေနေသတဲ့ ။ သူ့ကိုတွေ့ကြတဲ့ လူတွေအားလုံးကလည်း သူ့ကို ရူပစန္ဒီ မင်းသမီး လေးမှန်း ဘယ်သူမှ မသိကြဘူးပေါ့။ သူ့ကို ကြည့်ပြီး


"ဒီအဖွားကြီးဟာ ဒီသုသာန် တစ်ဝိုက်မှာ ပဲ ရစ်သီရစ်သီ လာလုပ်နေတယ်။ ဘယ်ကမှန်းလည်း မသိပါ ဘူးကွာ"

လို့ လူတစ်ဦးကပြောတော့

"အို အရူးမကြီး နေမှာ ပေါ့"

လို့ တခြားတစ်ဦးကလည်း ဖြေလိုက်တယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ပိုပိုအကျည်းတန်လာတဲ့ အဖွားအို ဟာ သူ့ရဲ့ ရုပ်ရည်ကို ရေအိုင်တစ်အိုင်မှာ ပြန်မြင်မိပြီး ထိတ်လန့်သေဆုံးသွားတော့တယ်တဲ့ ။


သူမဟာ သေဆုံးသွားပြီးတဲ့ နောက် ငှက်တစ်ကောင်ဖြစ်သွားတော့တယ်တဲ့ ။ အဲဒီငှက်ဟာ အလွန် အရုပ်ဆိုးအကျည်းတန်ပြီး တောစပ်၊ သင်္ချိုင်းကုန်းတွေနားမှာ အမြဲ ရစ်သီရစ်သီနေတတ်တဲ့ ဇီးကွက်ငှက်ပေါ့ ကွယ်။



လှချင်လွန်းပြီး မစဉ်းစားမဆင်ခြင်တတ်ရင် အဲဒီလိုပဲဖြစ်တတ်လို့ ဒီပုံပြင်လေးကိုဖတ်ပြီး သင်ခန်းစာ ယူကြပေါ့ကွယ်။

******

# ပုလဲရှင်



တစ်ခါတုန်းက ပင်လယ်ကမ်းခြေတစ်ခုနားက တံငါရွာလေးမှာ မောင်သစ္စာဆိုတဲ့ လူငယ်လေးတစ်ဦး နေထိုင်လျက်ရှိသတဲ့ ။ သူဟာ နေ့တိုင်းလိုလို ပင်လယ်ထဲထွက်ပြီး ငါးဖမ်းရတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေရသတဲ့ ။

တစ်နေ့မှာ တော့ ခါတိုင်းလိုပဲ ငါးဖမ်းထွက်ပေမယ့် ညနေစောင်းတဲ့အထိ ငါးတစ်ကောင်မှ မရတော့ မောင်သစ္စာလည်း တော်တော်စိတ်ညစ်နေတာပေါ့။ ဒါပေမဲ့ ဖွဲမလျှော့ဘဲ ပိုက်ကွန်ကို တစ်ခေါက်ပြီးတစ်ခေါက်ဆက်ပစ်နေသတဲ့ ။ ဒီလိုနဲ့ မှောင်စပျိုးလာတော့ မောင်သစ္စာလဲ

"အင်း ဒီတစ်ခါ နောက်ဆုံးတစ်ခေါက်အနေနဲ့ ပိုက်ကွန်ကို ပစ်ပြီးရင်တော့ အိမ်ပြန်မှ ဖြစ်မယ်"

လို့ စဉ်းစားပြီး ပိုက်ကိုပစ်လိုက်သတဲ့ ။ အဲဒီအခေါက်မှာ လည်း ပိုက်ကွန်ထဲမှာ ငါးပါမလာဘူးတဲ့ ။ ဒါပေမဲ့ ထူးဆန်းတဲ့ ဆွမ်းအုပ်လေးတစ်ခုတော့ ပိုက်ကြိုးနဲ့ ငြိပြီး ပါလာတာ တွေ့ရသတဲ့ ။ မောင်သစ္စာလည်း ဆွမ်းအုပ်လေးကို ပိုက်ကြားထဲကနေဖြုတ်ပြီး သေသေချာချာကြည့်လိုက်တော့ ဆွမ်းအုပ်လေးဟာ ရွှေအစစ်နဲ့ ပြုလုပ်ထားတာဖြစ်နေတဲ့ ။ ဆွမ်းအုပ်ရဲ့ အဖုံးကိုဖွင့်ကြည့်လိုက်တော့ အထဲမှာ ဘာမှ မရှိဘူးတဲ့ ။ ဒါပေမဲ့ ဆွမ်းအုပ် လေးရဲ့ အောက်ခြေကိုကြည့်မိတော့ မင်းသမီးလေးပုံတစ်ပုံဆွဲထားတာတွေ့ရသတဲ့ ။ ဒါနဲ့ မောင်သစ္စာလည်း ဆွမ်းအုပ်လေးကိုပိုက်ပြီး အိမ်ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ ဆွမ်းအုပ်လေးကို စားပွဲပေါ်တင်ထားပြီး မောမောနဲ့ အိပ်ပျော်သွားတော့သတဲ့ ။

ညသန်းခေါင် အချိန်လောက်ရောက်တဲ့ အခါမှာ တော့ စားပွဲပေါ်က

ဆွမ်းအုပ်လေးရဲ့ အဖုံးဟာ အလိုလို ပွင့်သွားပြီး ဆွမ်းအုပ်ထဲမှာ လည်း ရေတွေပြည့်နေသတဲ့ ။ ဆွမ်းအုပ်အောက်ခြေက မင်းသမီးပုံလေးဟာလ ည်း တဖြည်းဖြည်း အသက်ဝင် လာပြီး သေးငယ်တဲ့ ရွှေမင်းသမီးလေး အဖြစ်နဲ့ ဆွမ်းအုပ်ထဲက ရေထဲမှာ ဆော့ကစား နေတော့သတဲ့ ကွယ်။ ဒါ ကြောင့် ဆွမ်းအုပ်ထဲက လွင့်စင်ကျလာတဲ့ ရေစက်လေး



တွေဟာ စားပွဲပေါ်ကိုရောက်တာနဲ့ ပုလဲလုံးလေးတွေ ဖြစ်သွားတော့သတဲ့ ။

အဲဒီအချိန်မှာ မောင်သစ္စာလေး အိပ်ရာက ရုတ်တရက် နိုးလာတော့ မင်းသမီးလေးဟာ ချက်ချင်း ပျောက်ကွယ်သွားပြီး ဆွမ်းအုပ်လေးဟာလည်း နဂိုအတိုင်း ပြန်ဖြစ်နေတယ်တဲ့ ။ အိပ်ရာကနိုးလာတဲ့ မောင်သစ္စာလည်း စားပွဲပေါ်က ပုလဲလုံးလေးတွေကိုတွေ့သွားတာပေါ့။ သူ့စိတ်ထဲမှာ ဒီပုလဲလုံးလေးတွေဟာ ဆွမ်းအုပ်လေးက ငါ့ကိုပေးတာပဲ ဖြစ်ရမယ်ဆိုပြီး ဝမ်းသာသွားသတဲ့ ။

မနက်မိုးလင်းလာတဲ့ အခါမှာ တော့ မောင်သစ္စာလေးဟာ ပုလဲလုံးလေးတွေကိုယူပြီး ဈေးထဲက ရတနာ ဆိုင်မှာ သွားရောင်းကြည့်တယ်။ ဆိုင်ရှင်ကလည်း မောင်သစ္စာရဲ့ ပုလဲလုံးလေးတွေကို ကြည့်ပြီး အရမ်းသဘော ကျသွားတယ်တဲ့ ။ ဒါကြောင့် သူ့ကို အသပြာတစ်ရာနဲ့ ရောင်းဖို့ပြောတော့ မောင်သစ္စာလဲ ဝမ်းသာအားရနဲ့ ရောင်းလိုက်ပြီး အိမ်ပြန်လာခဲ့သတဲ့ ။ မောင်သစ္စာဟာ လောဘကြီးတတ်တဲ့ သူ မဟုတ်တော့ အသပြာတစ်ရာရ တာကို ကျေနပ်နေတာပေါ့။

အဲဒီအချိန်မှာ ဈေးထဲက ရတနာဆိုင်ကို သူရောင်းခဲ့တဲ့ ပုလဲလေးတွေဟာ အရည်အသွေးကောင်းလို့ ချက်ချင်းရောင်းရပြီး ကုန်သွားတော့သတဲ့ ။ ပုလဲလုံးလေးတွေရဲ့ သတင်းကြားတဲ့ မြို့စားမင်းကတော်ဟာလည်း ဈေးထဲကို ပုလဲဝယ်ဖို့ ချက်ချင်းရောက်လာတော့သတဲ့ ။ ဒါပေမဲ့ ဆိုင်ရှင်က ပုလဲလုံးတွေ ရောင်းလို့ ကုန်သွားပြီ ဖြစ်ကြောင်းပြောပြလိုက်တော့ စိတ်ဆိုးသွားတာပေါ့။ ဒါနဲ့

"အဲဒီပုလဲတွေကို ဘယ်ကရခဲ့သလဲ"

လို့ ထပ်မေးတော့ ဆိုင်ရှင်က ရွာထဲက မောင်သစ္စာလရောင်းသွား

တာဖြစ်ကြောင်း ပြောပြလိုက်သတဲ့ ။ မြို့စားမင်းကတော်လည်း ပုလဲတွေကို လိုချင်လွန်းလို့ ချက်ချင်းပဲ မောင်သစ္စာအိမ်ကို လိုက်သွားတော့တာပေါ့။ မောင်သစ္စာရဲ့ အိမ်ကိုရောက်တယ်ဆိုရင်ပဲ မြို့စားကတော်က

"ဟဲ့ မောင်သစ္စာ မင်းဆီက ပုလဲတွေကို ငါဝယ်ချင်လို့ လာတာ၊ ပုလဲတစ်ကုံးကို အသပြာတစ်ထောင် ပေးမယ်၊ ငါ့ကို ပုလဲတစ်ဆင်စာ အခုရောင်းပေးစမ်းပါ"

လို့ ချက်ချင်းပြောသတဲ့ ။ မောင်သစ္စာလည်း

"ကျွန်တော့်ဆီမှာ ပုလဲတွေက အခုမရှိသေးပါဘူး၊ မနက်ဖြန်ကျမှ လာယူပါလားခင်ဗျား၊ နောက်ပြီး မနက်ဖြန်ကျရင်လည်း ပုလဲလုံးက ဘယ်လောက်ရမယ်ဆိုတာ ကျွန်တော် မသိသေးဘူး"

လို့ ရိုးရိုးသားသားနဲ့ အမှန်အတိုင်းပြောပြလိုက်သတဲ့ ။ ဒါကိုမြို့စားကတော်က



"ဒါ မင်းသက်သက် ညစ်တာ၊ ငါ့ဆီက ငွေပိုလိုချင်လို့ မဟုတ်လား၊ မင်းလုပ်နိုင်တုန်း လုပ်ဦးပေါ့"

လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပြီး ပြန်ထွက်သွားတော့သတဲ့ ။ အဲဒီနောက် မြို့စားကတော်ဟာ ပုလဲလုံး ကိစ္စနဲ့ ပတ်သက်ပြီး မောင်သစ္စာကို မ

ကျေမနပ်ဖြစ်ကာ မြို့စားကြီးကို တိုင်တန်းလိုက်သတဲ့ ။ မြို့စားကြီးလဲ သူ့ မိန်းမရဲ့ စကားကြောင့် ပုလဲလုံးအကြောင်းကို အရမ်းစိတ်ဝင်စားသွားတယ်။

ဒါကြောင့် ည ရောက်တော့ ပုလဲလုံးအကြောင်းစုံစမ်းဖို့ မောင်သစ္စာရဲ့ အိမ်ဘက်ကို သူကိုယ်တိုင် တိတ်တဆိတ် ထွက်လာခဲ့သတဲ့ ။ မြို့စားကြီးဟာ မောင်သစ္စာရဲ့ ခြံထဲရောက်တော့ အိမ်နားမှာ ပုန်းနေပြီး အိမ်ထဲ ကို တိတ်တိတ်လေး ချောင်းကြည့်နေတာပေ့ါ။ ဒီလိုနဲ့ ညသန်းခေါင်အချိန်ကို ရောက်လာတော့တယ်။ အဲဒီအချိန် မှာ ဆွမ်းအုပ်အောက်ခြေက မင်းသမီးပုံလေးဟာ သေးငယ်တဲ့ မင်းသမီးလေးအဖြစ် ထွက်လာပြီး ဆွမ်းအုပ်ထဲ က ရေထဲမှာ ဆော့ကစားနေတာပေ့ါ။ နောက်ပြီး စားပွဲပေါ်ကျသွားတဲ့ ရေစက်လေးတွေကလည်း မနေ့ကလိုပဲ ပုလဲလုံးလေးတွေဖြစ်ပြီး ပြန်ကျလာသတဲ့ ။

ဒါကို အိမ်ပြင်က ချောင်းကြည့်နေတဲ့ မြို့စားကြီးက တွေ့သွားတာပေ့ါ။ ချက်ချင်းပဲ မြို့စားကြီးဟာ အိပ် မောကျနေတဲ့ မောင်သစ္စာမသိအောင် အိမ်ထဲဝင်ပြီး ဆွမ်းအုပ်လေးကို ယူကြည့်လိုက်တော့ ဆွမ်းအုပ်ထဲမှာ ရေ လည်း မတွေ့ဘူး၊ မင်းသမီးလေးကိုလည်း မတွေ့ရတော့ဘူး။ ဒါပေမဲ့ ဆွမ်းအုပ်အောက်ခြေမှာ တော့ မင်းသမီးရုပ် ပုံတစ်ပုံ တွေ့မိသတဲ့ ။

အဲဒီအချိန်မှာ အိမ်ရှေ့ဘက်က ခွေးဟောင်လို့ မြို့စားမင်းလည်း မောင်သစ္စာနိုးလာမှာ စိုးတာနဲ့ ဆွမ်း အုပ်လေးထားခဲ့ပြီး ပြန်ပြေးသွားရတော့တာပေ့ါ။ နောက်နေ့မှာ တော့ ပုလဲလုံးလေးတွေရဲ့ အဖြစ်မှန်ကို သိသွား တဲ့ မြို့စားမင်းကြီးဟာ လောဘစိတ်တွေ တရိပ်ရိပ်တက်နေတော့တာပေ့ါ။ ရွှေ ဆွမ်းအုပ်ကို ဘယ်လိုရအောင် ယူ ရမလဲလို့ အကြံည

ဏ်ထုတ်နေတော့တယ်။

နောက်တစ်နေ့မှာ တော့ မြို့စားကြီးဟာ တရားသူကြီးမင်းဆီကို ထွက်လာခဲ့သတဲ့ ။ တရားသူကြီးနဲ့ တွေ့တော့ လက်ဆောင်ပစ္စည်းတွေပေးပြီး သူ့ရဲ့ ကောက်ကျစ်တဲ့ အကြံညာဏ်တွေကို ပြောပြပြီး အကူအညီတောင်း သတဲ့ ။ တရားသူကြီးလည်း ပစ္စည်းမက်သူမို့ မြို့စားကြီးခိုင်းတာကို လုပ်ပေးဖို့ သဘောတူလိုက်တာပေါ့။ မကြာ ခင်မှာ ပဲ တရားသူကြီးက မောင်သစ္စာကို မြို့စားကြီးအိမ်မှာ ရွှေဆွမ်းအုပ်ကိုခိုးတဲ့ လူအဖြစ် စွပ်စွဲပြီး ရုံးတော်ကို ဆင့်ခေါ်လိုက်တယ်။

ဒါကြောင့် မောင်သစ္စာလည်း တရားရုံးကို သွားပြီး တရားသူကြီး စစ်မေးတာကို ဖြေဆိုရတာပေါ့။ တရားသူကြီးက

"ရွှေ ဆွမ်းအုပ်ကို ဘယ်ကရသလဲ"

လို့ မောင်သစ္စာကို မေးတော့

"ပင်လယ်ထဲမှာ ငါးဖမ်းရင်း ပိုက်ကွန်မှာ ငြိပါလာလို့ ရခဲ့တာပါ"

လို့ အမှန်အတိုင်း ပြန်ဖြေလိုက်တယ်။ ဒီတော့ တရားသူကြီးက

"မင်းရဲ့ အဖြေက မဖြစ်နိုင်ဘူး"

လို့ ပြန်ပြောသတဲ့ ။ နောက်ပြီး မြို့စားကြီးဘက်လှည့်ပြီး

"မြို့စားကြီးကရော ဒီပစ္စည်းကို ဘယ်ကရပါသလဲ"

လို့ မေးမြန်းသတဲ့ ။ မြို့စားကြီးက ဒီ ဆွမ်းအုပ်ဟာ သူ့ရဲ့ ဘိုးဘွားပိုင်ပစ္စည်းဖြစ်ကြောင်းနဲ့ အထဲမှာ မင်းသမီးရုပ်ပုံလေးရှိကြောင်း ပြန်ဖြေလိုက်သတဲ့ ။ တရားသူကြီးလည်း မြို့စားကြီးနဲ့ တိုင်ပင်ထားပြီးသားဆိုတော့

"ဒီ ဆွမ်းအုပ်ဟာ မြို့စားကြီးပစ္စည်းပဲဖြစ်တယ်"

လို့ တစ်ဘက်သက် ဆုံးဖြတ်ပေးလိုက်သတဲ့ ။ မောင်သစ္စာလည်း ဘာမှ မတတ်နိုင်ဘူးပေါ့။ ဒါကြောင့် ဆွမ်းအုပ်လေးကို မြို့စားကြီးလက်ထဲ ထည့်ပေးလိုက်ရသတဲ့ ။

ဆွမ်းအုပ်လေးဟာ မြို့စားကြီးရဲ့ လက်ထဲ ရောက်သွားတာနဲ့ တစ်ပြိုင်နက် မြေကြီးတွေဟာ တုန်ခါပြီး မြည်ဟီးလာသတဲ့ ။ ကောင်းကင်မှာလည်း မိုးကြိုးတွေ အဆက်မပြတ် ပစ်တော့သတဲ့ ။ နောက်ပြီး

"ငမိုက်သား တရားသူကြီးနဲ့ မြို့စား အမှန်အတိုင်းပြောကြစမ်း၊ မတရား လုပ်ရင် မင်းတို့ ကို ခုချက် ချင်း သတ်ပစ်မယ်"

ဆိုတဲ့ အသံနက်ကြီး အဆက်မပြတ် ကောင်းကင်ကနေ ထွက်ပေါ်လာတာကြောင့် သူတို့ နှစ်ယောက်ဟာ ကြောက်လန့်သွားတော့တယ်။ ဒါကြောင့် ဆွမ်းအုပ်လေးကို မောင်သစ္စာဆီကို ပြန်ပေးလိုက်တော့သတဲ့ ။

မောင်သစ္စာလဲ ရွှေ ဆွမ်းအုပ်လေး ပြန်ရတော့ အရမ်းဝမ်းသာသွားပြီး မျက်ရည်တွေ ကျလာတော့ သတဲ့ ။ သူ့မျက်ရည်တွေဟာ ရွှေ ဆွမ်းအုပ်လေးပေါ်ကို ကျသွားတဲ့ အခါမှာ ရွှေ ဆွမ်းအုပ်လေးဟာ ချက်ချင်း အစိတ်စိတ်အမွှာမွှာကွဲသွားပြီး အထဲကနေ မိန်းကလေးတစ်ယောက် ထွက်လာတာကို တွေ့ရသတဲ့ ။

အနားက ဝိုင်းကြည့်နေတဲ့ သူတွေလည်း အံ့သြသွားကြတာပေါ့။ ဆွမ်းအုပ်ထဲက ထွက်လာတဲ့ မိန်း ကလေးက

"ကျွန်မဟာ ကျိန်စာသင့်ခံနေရတဲ့ ဘုရင်ကြီးရဲ့ သမီးတော်တစ်ယောက်ပါရှင်၊ အခုတော့ ဒီက မောင်ကြီးရဲ့ မျက်ရည်ကြောင့်

ကျိန်စာပြေသွားရတာပါ။ ဒါကြောင့် မောင်ကြီးဟာ ကျွန်မရဲ့ ကျေးဇူးရှင်ပါပဲ။ မောင်ကြီးကို အသက်ထက်ဆုံး ပါရမီဖြည့် ပြုစုပေးပါရစေရှင်"

လို့ ပြောသတဲ့ ။

မောင်သစ္စာလည်း ချောမောလွန်းတဲ့ မိန်းကလေးကို မြင်မြင်ချင်းမေတ္တာရှိသွားတာကြောင့် သူမရဲ့ ဆန္ဒ ကို သဘောတူလိုက်တော့သတဲ့ ။



အဲဒီနောက်မှာ တော့ မောင်သစ္စာနဲ့ မိန်းကလေးတို့ ဟာ ပျော်ရွှင်စွာ အတူတကွ ပေါင်းသင်းနေထိုင်သွား ကြတော့သတဲ့ ကွယ်။ မြို့စားကြီးနဲ့ တရားသူကြီးမင်းတို့ လည်း နောင်တရသွားပြီး ကောင်းကောင်း မွန်မွန်

နေထိုင်လုပ်ကိုင်သွားကြတော့သတဲ့ ။

ရိုးသားဖြောင့်မတ်တဲ့ သူဟာ ကံကောင်းတတ်တယ်ဆိုတာ ဒီပုံပြင်လေးဖတ်ပြီးရင် သဘောပေါက် လောက်ပြီပေါ့ကွယ်။

******